# မျက်စိလည်နေအောင်

ရဲဘော်တင်ဦး

၁။ ကျနော်တို့နိုင်ငံရေးမျက်စိလည်နေတာကြပြီလို့ ယူဆပါတယ်။ မျက်စီလည်တာကြာလာတော့ အုပ်စီးပျက် လာပါတယ်။ "ငါပြောတဲ့ လမ်းကမှ အမှန်၊ အခုအတိုင်းသွားနေရင် တတပ်လုံးပြုတ်လိမ့်မယ်" လို့ ပြောပြော ပြီး ခွဲ - ခွဲ ထွက်နေကြတယ်။ အခုခေတ်လောက် "လမ်းစဉ်မှန်" တွေ့သူတွေ (မြန်မာပြည် နိုင်ငံရေးမှာ) မကြုံ ဖူးပါဘူး။ ပြည်ပရော ပြည်တွင်းမှာပါ "လမ်းစဉ်မှန်တွေ့နေသူတွေ" သိပ်များပါ တယ်။

ဒီလိုအခြေအနေမှာ ကျနောတို့ ၁၉၅၉ တုန်းက တောထဲမျက်စီလည် လမ်းပျောက်နေတာကို သတိရမိ ပါတယ်။ မိတ်ဆက်ပေးပါရစေ။

၂။ ၁၉၅၉ ဆိုတာ စစ်အစိုးရ (အိမ်စောင့်အစိုးရ) ကို ပထမဦးဆုံး နဖူးတွေ့ ဒူးတွေ့ တွေ့ရတဲ့ကာပါ။ ဗကပ အမြစ်ပြတ်ချေမှုန်းဖို့ ပထမ ၆ လ ကံထရိုက်ရထားတာနဲ့ မလုံလောက်လို့ ဒုတိယ ၆ လ ကံထရိုက်ရထားစဉ် ကပါ။ (ဗကပ အမြစ်ပြတ်ဖို့ ဖဆပလ ၂ ဂိုဏ်းစလုံး (သန့်ရှင်း + တည်မြဲ) က နေဝင်းကို ကန်ထရိုက် ပေးခဲ့တယ်။ ၆ လနဲ့ အမြစ်မပြတ်လို့ နောက်ထက် ၆ လ (အခြေခံဥပဒေကို ပြင်ဆင်ပြီး) ကန်ထရိုက် ပေးထားတာကိုဆိုတယ်။)

"တကွင်းလုံးရိတ်သိမ်းပြီးပြီ။ ကောက်သင်းကောက်ဖို့ပဲ ကျန်တော့တယ်" ဆိုပြီး ခွင်လုံးကျွတ် ထိုးစစ်ကြီးတွေ နေဝင်း - မောင်မောင် - အောင်ကြီး စစ်အုပ်စုက ဆင်နွဲနေချိန်ကပါ။

ပါတီဗဟိုက မိုးကုတ် အနောက်ခြမ်းကို ပြေးရင်းလွှားရင်း ရောက်လာတယ်။ အဲဒီတုန်းက ကျနော်တို့ တပ်ကလည်း တောကြီးထဲမှာ မျက်စိလည်ဖူးပါတယ်။ ခေတ်မီတဲ့ စစ်မြေပုံပါတယ်။ မှန်ပြောင်း၊ အိမ်မြှောင် ပါတယ်။ ဂျပန်၊ အင်္ဂလိပ် စစ်တက္ကသိုလ်တွေက ကျောင်းဆင်း စစ်ဗိုလ်တွေပါတယ်။ ရွာတွေကို ကွင်းပြီး တောကြီးထဲ တောတိုးရင်း မျက်စိလည်တာပါ။ ပါလာတဲ့ ရိက္ခာကကုန်ပြီ။ ရေပါ ပြတ်နေပြီ။ "ကိုယ်ဘယ်ရောက်နေသလဲ" ဆိုတာ မသိတော့ဘူး။"အရှေ့ဘက် စူးစူးသွားရမယ်" " အနောက်ဘက် စူးစူးသွားရမယ်" "တောက်ဘက်" "မြောက်ဘက်" စသဖြင့် တတပ်လုံးက ထင်မြင်ချက်တွေ အမျိုးမျိုးပေးကြတယ်။

အဲဒီအချိန်မှာ ဝါရင့်ဆင်ဦးစီးကြီးတဦးက "ကိုယ်ဘယ်ရောက်နေတယ်ဆိုတာ သိချင်ရင် တခွင်တပြင်လုံးကို မြင်ရတဲ့ အမြင့်ဆုံးနေရာကို တက်ကြည့်ပါ။ ဆင်တောင် (အဲဒီဒေသမှာ အမြင့်ဆုံးတောင်) ရဲ့ပုံပန်းသဏ္ဍာန် ဘယ်လိုရှိသလဲဆိုတာ ကြည့်ပါ။ ဆင်ကြီးဝပ်နေတဲ့ ပုံတွေ့ရင် ကျုပ်တို့ ဆင်တောင်အနောက်ဘက်မှာ ရောက်နေတာပဲ။ ဆင်ကြီးရဲ့ရုပ်လုံးက တောင်ထွက် ၂ ခု သီးခြားစီဖြစ်နေရင် ဆင်တောင်ရဲ့ မြောက်ဘက် ရောက်နေတာပဲ။ ဒါ့ကြောင့် မြင့်မြင့်တက်သွားပြီး တခွင်တပြင်လုံးကို ကြည့်ပါ။ ထင်ရှားတဲ့ အမှတ်အသားကို ရှာပြီး ကြည့်ပါ" လို့ အကြံပေးလာတယ်။

အဲဒီ ဝါရင်ဆင်ဦးစီးအကြောင်းလည်း ပြောရဦးမယ်။ သူက လော၊ ဒါမှမဟုတ် ထိုင်း တနေရာရာမှာ မွေးဖွားခဲ့တာပဲ။ သူ့ဟာသူလည်း ဘယ်မှာမွေးတယ် သေသေချာချာမမှတ်မိဘူး။ ဘုံဘေဘားမားသစ်ကုမ္ပဏီ (BBTC) က ဆင်ဦးစီးတွေက ကလေးဘဝမှာ ဗမာပြည်ထဲ ခေါ်လာခဲ့တာပါ။ ဆင်ဝိုင်းထဲမှာပဲ ကြီးပြင်းလာတယ်။ ဗမာပြည်တောတကာ နံ့နေပြီ၊ ရွာထဲ ရပ်ထဲ တခါမှမနေဖူးဘူး။ ကျနော်တို့တပ်က BBTC ဆင်ဝိုင်းကို သိမ်းပြီး ဆင်တွေရော၊ လူတွေကိုပါ သိမ်းသွင်းလာခဲ့တယ်။ ရှမ်းပြည်ဘက်ရောက်တော့ ဆင်တွေပဲ ချန်ထားပြီး လူတွေကို သွားလိုရာသွားဖို့ စရိတ်ပေးပြီးလွှတ်တော့ သူက ဘယ်မှမသွားတော့ပဲ ပါတီနဲ့အတူ လိုက်လာတာဖြစ်တယ်။ နောက်ကျတော့ ပါတီဝင်ဖြစ်လာတယ်။

သူ့အကြံဉာဏ်အတိုင်း မြင့်မြင့်တက်ပြီး တခွင်တပြင်လုံးကိုကြည့်၊ ဆင်တောင်ရဲ့ ပုံသဏ္ဍာန်ကိုကြည့်တော့မှ ကိုယ်ဘယ်ရောက်နေသလဲ ဆိုတာ သိတယ်။ ဒီလိုသိတော့ လွယ်သွားပြီ။ မြေပုံ၊ အိမ်မြှောင်၊ စစ်ပညာနဲ့ပေါင်း ပြီး ချီတက်နိုင်ခဲ့တယ်။ အဲဒီလိုနဲ့ တတပ်လုံး လိုရာကို ရောက်ခဲ့ပါတယ်။

၃။ မြင့်မြင့်တက်ဆိုတာ ကမ္ဘာနိုင်ငံရေးအခြေအနေကို ကြည့်ဖို့ပါ။ တခွင်တပြင်လုံးကြည့်ဆိုတာက ဗမာပြည်အရေး စိတ်ဝင်စားတဲ့ နိုင်ငံအကြီး၊ အငယ်တွေရဲ့ သဘောထား အပြောင်းအလဲ၊ နအဖ အစီအစဉ် ... စတာတွေကို ကြည့်ဖို့ပါ။ လူထုကြီးရဲ့ ပုံသဏ္ဍာန် ဘယ်လိုရှိသလဲ သိဖို့ကတော့ လူထုကြီးရဲ့ အထွေထွေ အခြေအနေကို ကြည့်ဖို့ပါ။

အတိုချုပ်ပြီး ပြောချင်ပါတယ်။

- ကမ္ဘာ့နိုင်ငံရေးအခြေအနေ ပြောင်းလဲနေပါပြီ။ ၂၁ ရာစု ပထမ ဆယ်စုနှစ်ဟာ ၂၀ ရာစုရဲ့ နောက်ဆုံး နှစ်များနဲ့ မတူတော့ပါဘူး။ ဗမာပြည်အရေးပြောနေတဲ့ နိုင်ငံကြီး၊ ငယ်တွေကလည်း နအဖအပေါ် သဘောထားပြောင်းလဲစပြုနေပါပြီ။ အာစီယံက ဗမာပြည်ကို ချန်မထားရစ်ခဲ့ချင်ဘူး။ "၂ ပွင့်ဆိုင် တွေ့ဆုံဆွေး နွေးရေး" အလားအလာမရှိတော့ဘူးလို့ မြင်နေပြီ။ ( ၃ ပွင့်ဆိုင်တော့ ပြောမနေနဲ့တော့)

- ခေါင်းဆောင်က မျက်စိမလည်မှ လူထုကို လမ်းမှန်ပြ ရှေ့ဆောင်နိုင်ပါတယ်။

၄။ လမ်းစဉ်မှန်ဖို့က နိုင်ငံရေးမျက်စိမလည်မှ ဖြစ်မယ်။ မျက်စီလည်နေသမျှကာလပတ်လုံး လမ်းမှန်မတွေ့နိုင် ပါဘူး။

- နအဖ ဘာလိုချင်သလဲဆိုတာ အခုဆိုရင် ရှင်းနေပါပြီ။ နအဖကို ချော့မြူပြီး စေ့စပ်ရေးစားပွဲပေါ်ခေါ်တဲ့ နည်းပရိယာယ် အလုပ်မဖြစ်နိုင်ပါဘူး။

- လမ်းပြမြေပုံ RM အဆင့် (၁) ပြီးရင် (၂) နဲ့ (၃) က ရှောရှောရှူရှူ ဖြစ်သွားမှာပါ။ အခုကစပြီး အဆင့် (၄) အတွက်ပြင်ရပါမယ်။ နအဖကတော့ ပြင်ဆင်နေပါတယ်။ မိမိတို့က ဘာမှ ပြင်ဆင်ထားတာ မရှိပါဘူး။ NLD က "ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေး"နဲ့တင်ရပ်နေလို့ မဖြစ်ပါဘူး။ DASSK လွှတ်လာမှ လမ်းစဉ်ထုတ်ပြန်မယ်ဆိုရင် နောက်ကျပါလိမ့်မယ်။ DASSK နဲ့ နည်းနာရှာပြီး သူ့သဘောထားယူတာ၊ ညှိနှိုင်း တာလုပ်ကာ RM A ဆင့် (၄) မှာ ဘာလုပ်ကြမလဲဆိုတာကို NLD က ပြည်သူလူထုနဲ့ ကမ္ဘာကိုတင်ပြဖို့ A ချိန်တန်ပြီလို့ ယူဆပါတယ်။

ရဲဘော် တင်ဦး

(၂၀၀၇၊ ဩဂုတ်လထုတ် ၂၁ စာစဉ်၊ A မှတ် (၁၁) မှ ဆောင်းပါးA ၁း ပြန်လည်ဖော်ပြခြင်းဖြစ်ပါသည်။)